# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ရီရီ ၊ ဒေါက်တာ | Yi Yi , Dr. | Ri¯ Ri¯ , Dok‘ ta¯ | **Art.** YI0009 |
| **Article Title** | သမုဒ္ဒရာဇ်မင်း<br>Thamudriz Min<br>Samuddaraj' Man‘" | | | |
| **Title (Book/Serial)** | ရှုမဝ<br>Shumawa | | | |
| **Issue and Volume** | Vol. 29, No. 347 | | | |
| **Edition** | | | | |
| **Place/ Publisher** | | | | |
| **Distributor** | | | | |
| **Ed. Date** | Apr , 1976 | | | |
| **Pagination** | p. 115 - 118 | | | |
| **Annotation** | About a legendary king of early Bagan. Uses three main historical sources: U Kala's Mahayazawin gyi, Hmannan Yazawin and Twin thin Yazawinthit. They offer nothing definitive about the early Bagan period, other than noting that the Bagan dynasty started in 1044 AD. These three source are not validated. | | | |
| **Subject Terms** | 1. Myanmar - history - Bagan period, 1044 - 1287 | | | |
| **Key Words** | | | | |

# သမုဒ္ဒရာဇ် မင်း

# ဒေါက်တာ ??

ပုဂံမင်းဆက်အကြောင်း ရေးသားကြရာ၌ ရာဇဝင် သုံးစောင်တို့သည် သမုဒ္ဒရာဇ်မင်း ယုန်လွှတ်ကျွန်း၌ အခြေစိုက်သည်မှစ၍ ရေးသားကြသည်။ ထိုသို့ အစပျိုးရာ၌ ရာဇဝင်ကြီး (စာမျက်နှာ ၁၄၁)က သက္ကရာဇ် ၁၆-ခု တွင် သရေခေတ္တရာပြည် ပျက်သည်မှစ၍ သက္ကရာဇ် ၂၉-ခုတွင် သမုဒ္ဒရာဇ်မင်း ယုန်လွှတ်ကျွန်း၌ တည်ထောင်သည်ကို ဆိုသည်။

> မဟာလ္လကပုဏ္ဏား ဖြိုသောနောက်။ သက္ကရာဇ် ၁၆-တဆဲ့ခြောက်ခုတွင် သရေခေတ္တရာပြည် ပျက်၏။ ထိုသို့ ပြည်ပျက်၍ ပြူကမ်းယံတို့ စစ်ဖြစ်၍။ တောင်ညိုအရပ်။ ပန်းတောင်းအရပ်။ မင်းတုန်းအရပ်တွင် နေလေသော အခါလည်း ၁၃- တဆယ့်သုံးနှစ်။ ၂-စုပေါင်း သက္ကရာဇ် ခဆပဥ္စကိန်းဝင် ၂၉-နှစ်ဆဲ့ကိုးခု ရောက်သောအခါ ယုန်လွှတ်ကျွန်း၌ သမုဒ္ဒရာဇ်မင်းသည် ၁၉-ရွာသားတို့နှင့် တည်ထောင်စုပြု၏။

ဤစာပိုဒ်ကိုကြည့်လျှင် ဦးကုလား၏ ရေးသားပုံ မရှင်းလင်းကြောင်း သိသာသည်။ ထိုသို့ မရှင်းလင်းသဖြင့် မှန်နန်း ဆရာများက အဓိပ္ပာယ် ပေါ်လွင်စေရန်....

> ဤအရာ၌။ တောင်ညိုတွင် သုံးနှစ်။ ပန်းတောင်းတွင် ခြောက်နှစ်။ မင်းတုန်းတွင် သုံးနှစ်။ ပေါင်း တဆဲ့နှစ်နှစ်သာ ရှိသည်ကို။ လပ်တဆဲ့သုံးနှစ်ဟု။ ရာဇဝင်ကြီးတွင်။ ရေးလေသည်ကား။ ပုဂံတည် သက္ကရာဇ် နှစ်ဆဲ့ကိုးခုတွင် သရေခေတ္တရာပျက် တဆဲ့ခြောက်ခုကို နှုတ်လျှင်။ တဆဲ့သုံး ကြွင်းလေသောကြောင့်။ ရာဇဝင်တွက်ရိုး။ လပ်တဆဲ့သုံးဟု။ ရေးသည်ဟု မှတ်အပ်၏။

....ဟု စာတပိုဒ် ထပ်၍ ဖြည့်စွက်သည်။ (စာမျက်နှာ ၂၁၀) ရာဇဝင်သစ် ကမူ သရေခေတ္တရာ ပျက်သည်က မစဘဲ....

> မြန်မာတို့ကား ဗုဒ္ဓပေါင်မင်းကြီး လှုံတော်ကျရာ နောင် ပြည်ကြီး ဖြစ်လတံ့ ဟူသော နိမိတ်ကို စွဲ၍ ပုဂံမြို့တည်ရာ အရပ်၌....တဆဲ့ကိုး ရွာ ဖြန့်ချီတည်ထောင် နေကြလေ၏။

....ဟု (စာမျက်နှာ ၄၆) မြန်မာတို့ အဘယ့်ကြောင့် ယုန်လွှတ်ကျွန်း၌ ရွာပြု တည်ထောင်သည်ကို ဖော်ပြ၍ အစမူသည်။

ယုန်လွှတ်ကျွန်း ၁၉-ရွာတို့၏ အမည်ကို (၁)ညောင်ဦး (၂)နဂါးစိုး (၃)နဂါးကျစ် (၄) မကျည်းကျီ (၅) ထူ တည် (၆) ကျောက်စကား (၇) အုတ်ထဲးသိမ် (၈) ညောင်ဝန်း (၉) အနုရာဓ (၁၀) တန်ဆောင်ကွန်း (၁၁) ရွာမုံ (၁၂) ကြင်လို (၁၃) ကုတ္တို (၁၄) တောင်ပ (၁၅) မြေခဲးတွင်း (၁၆) သရက်ရ (၁၇) စဉ့်ကူး (၁၈) ယုန်လွှတ် (၁၉) ရွာစိုက်ဟူ၍ **ရာဇဝင်ကြီး** (စာမျက်နှာ ၁၄၂)က ဆိုသည်။

**ရာဇဝင်သစ်** (စာမျက်နှာ ၄၆) တွင် ရွာ ၆-ရွာ အမည် ကွဲလွဲ၏။ ၎င်းတို့မှာ....

နဂါးစိုး အစား နဂါးဘို၊ မကျည်းကျီ အစား မန်ကျည်းကြီး၊ အုတ်ထဲးသိမ် အစား ကုတ်ကဲသိမ်၊ ရွာမုံ အစား ရွာပုံ၊ စဉ့်ကူး အစား အုံများ၊ ထူတည် အစား တူးတည် ....တို့ဖြစ်၏။ **မှန်နန်း**မှာ များသောအားဖြင့် **ရာဇဝင်ကြီး** အဆိုအမိန့်များကို လက်ခံလေ့ ရှိသော်လည်း ယုန်လွှတ်ကျွန်း ၁၉-ရွာနှင့် စပ်လျဉ်း၍မူ တွင်းသင်းမင်းကြီးသို့ လိုက်သည်က များ၏။ ရွာပုံ အစား ရွာမုံးဟု ရေးသားခြင်းမှအပ ရာဇဝင်သစ် အဆိုကို (စာမျက်နှာ ၂၁၀) လက်ခံသည်။ **ရာဇဝင်ကြီး**၌ ယုန်လွှတ်ကျွန်း ၁၉-ရွာတွင် စဉ့်ကူး ထည့်သည်ကို တွင်းသင်းမင်းကြီးက လက်မခံနိုင်ပေ။ ထိုအမည်မှာ ထီးလှိုင်ရှင်လက်ထက်တွင်မှ ဖြစ်ပေါ်သည်ဟု **အကြောင်းပြ**၏။ **မှန်နန်း**ကလည်း တွင်းသင်းမင်းကြီး၏ အကြောင်းပြချက်ကို နှစ်သက်သဖြင့်....

ဤအရာနိုက်။ ရာဇဝင်ကြီးတွင်။ စဉ့်ကူကို ရေးလေသည်။ စဉ့်ကူလည်း ကျန်စစ်သားဘက်က။ မူဆိုးစဉ့် ကူရာအရပ်ဖြစ်၍ စဉ့်ကူ တွင်ကြောင်းကို ဆိုသောစကားနှင့် ဆန့်ကျင်လေသောကြောင့်။ ရာဇဝင်သစ်အတိုင်း စဉ့်ကူကို နှုတ်၍ အုံးများကို သွင်းသတည်း။

....ဟူ၍ စာမျက်နှာ ၂၁၀-တွင် ထောက်ခံရေးသား၏။

ထို့နောက် **ရာဇဝင်ကြီး**က ယုန်လွှတ်ကျွန်း ၁၉-ရွာတွင် တရွာလျှင် သူကြီးတယောက်စီ ရှိသောကြောင့် စုစုပေါင်း သူကြီး ၁၉-ယောက်ရှိ၍ ထိုသူကြီးတို့ကို အုပ်ချုပ်ကာ သမုဒ္ဒရာဇ်မင်းပြုတော်မူသည်ဟု ဆို၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ တွင်းသင်းမင်းကြီးက....

သက္ကရာဇ်တို နှစ်ဆယ်ကိုးခုတွင် အရိမဒ္ဒနာ မည်သော ပုဂံပြည်တည်ရာ ယုန်လွှတ်ကျွန်း၌ သုပညာ နဂရဆိန္နမင်း တူဖြစ်သော သမုဒ္ဒရာဇ်မင်းသည် ထို တွင် နေနှင့်သော တဆယ့်ကိုးရွာ မြန်မာစုတို့ကို ချုပ်၍ မင်းမူလေ၏။ တဆယ့်ကိုးရွာသားတို့လည်း သမုဒ္ဒရာဇ်မင်းတွင် အလုံးအရင်း ဆင်မြင်း ဗိုလ်ပါ အများပါသည်နှင့် ငါတို့အရှင် တူတော်ရင်းပင် ဖြစ်တော့သည်ဟု ခယမ်းကြလေ၏။

....ဟု **ရာဇဝင်သစ်** (စာမျက်နှာ ၄၆-၇)၌ ဆိုသည်။

သမုဒ္ဒရာဇ်မင်း ယုန်လွှတ်ကျွန်း၌ အခြေစိုက်ခြင်းနှင့် စပ်လျဉ်း၍ **ရာဇဝင်သစ်**အဆိုအမိန့်တွင် သတိပြုဖွယ် နှစ်ချက် ပါသည်။ ပထမ အချက်မှာ ယုန်လွှတ်ကျွန်း ၁၉-ရွာကို မြန်မာတို့ တည်ထောင်သည် ဟူသော အချက်ဖြစ်၍ ဒုတိယ အချက်မှာ သမုဒ္ဒရာဇ်မင်းတွင် အလုံးအရင်း အများပါ၍ ၁၉-ရွာသားတို့ ခံ့ညားကြသဖြင့် ၎င်း၏ အအုပ်အချုပ်ကို ခံကြသည် ဟူသော အချက် ဖြစ်၏။ **ခယမ်း** ဟူသော အသုံးအနှုန်းမှာလည်း မှတ်သားဖွယ် ဖြစ်သည်။ ဤတွင် အရိုအသေပေးသည်၊ ခယ ရိုညွတ်ကြသည် ဟူ၍ အဓိပ္ပာယ် ရသည်။

## မြတ်စွာဘုရား ဗျာဒိတ်တော်

သမုဒ္ဒရာဇ်မင်း မင်းပြုကြောင်း ဆိုပြီးနောက် ရာဇဝင် သုံးစောင်တို့သည် ရှင်တော်ဗုဒ္ဓ တန့်ကြည်တောင်ဖျားသို့ ဒေသစာရီ ကြွတော်မူစဉ်

ထိုအရပ်၌ နောင်တွင် ပုဂံပြည်ကြီး ဖြစ်ထွန်းမည့် အကြောင်း· ဗျာဒိတ်တော် ထားခဲ့ပုံကို ဆိုမိန့်ကြ၏။ ဦးကုလားအဆိုကို ရှုပါ။ (စာမျက်နှာ ၁၄၂-၃)

ထိုအရိမဒ္ဒနာမည်ရှိသော ရွှေပြည်တော် အကြောင်းကို ဆိုပေအံ့။ ။ ဘုရားသခင် ထင်ရှား၌ရှိတော်မူသောအခါ။ မဇ္ဈိမဒေသ အရပ်မှ ဒေသစာရီ ကြွတော်မူသော်။ ထိုပြည် တည်ရာအရပ်သို့ ရောက်တော်မူလေ၏။ တန့်ကြည့်တော်မျှားထက်ရပ်၍ ကြည့်တော်မူလေသော်။ ကမ်းပါးမြင့်ထက် ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးမည်းတခု နား၏။ ပေါက်ပင်လယ်၌ ဖွတ်ပြိတ္တာလျှာနှစ်ခွလည်း နေ၏။ ပေါက်ပင်ရင်း၌ ဘားသားငယ်လည်း ဝပ်လျက်ရှိ၏။ ထိုကို မြင်တော်မူသော် ပြုံးတော်မူ၏။ ညီတော် အာနန္ဒာလည်း ပြုံးတော်မူသောအကြောင်းကို လျှောက်ပေ၏။ ဘုရားသခင်လည်း၊ ချစ်သား အာနန္ဒာ။ ငါ ပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ် ၆၅၁-ရောက် သောအခါ၊ ဤအရပ်သည် ပြည်ကြီး ဖြစ်လတံ့။ ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးမည်းနားသည့် အလိုသော်ကား။ ထိုပြည်၌ အလျှုသီတင်းသုံးသူ များလတံ့။ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနေသည့် အလိုသော်ကား။ ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ် ကုန်စယ်နှင့် သာ အသက်မွေးသောအားဖြင့်။ မမှန်သောစကားကို သုံးသည်ဖြစ်၍ သစ္စာမှားယွင်းယိုလတံ့။ ပေါက်ပင်ရင်း၌ ဘားသားငယ်ဝပ်သည့် အလိုသော်ကား။ ထိုပြည်သူတို့သည် ဘားနှယ်ဝမ်းချမ်း၍။ သာယာစွာ မွေ့ပျော်လတံ့။ ထိုပြည်ကို တည်ထောင်စပြုသော။ သမုဒ္ဒရာဇ်မင်းလက်ထက်။ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့သည်လည်း မင်းမူလတံ့။ ထိုငှက်ကြီး ဝက်ကြီး တို့ကို။ အဘကား နေနတ်သား။ အမိကား နဂါးမင်းသမီး။ ထိုသူ၂ ပါး သံဝါသဖြစ်ရာတွင်။ မြင်သော ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသောမင်းသည် ခွင်းလတံ့ ဟူ၍။ ဗျာဒိတ် ထားတော်မူခဲ့၏။

ရာဇဝင်ကြီး ပုံနှိပ်မူတွင် ‘ဥဗျိုင်းဖြူနှင့် ကျီးမည်းနားသည့်’အလိုကို ဖွင့်ဆိုရာ၌ ဝါကျတခု ကျကျန်ခဲ့ဟန် ရှိသည်။ ဤသို့ဆိုရခြင်းမှာ ရာဇဝင်သစ်တွင် ‘ထိုပြည်၌ အလျှုသီတင်းသုံးသသူနှင့် မသုံးသသူ ထပ်တူထပ်မျှ ရှိလတံ့’ ဟူ၍ လည်းကောင်း၊ မှန်နန်းတွင် ‘ထိုပြည်နှိုက်

အလှူသီတင်းသုံးသည့်လည်းများလတ္တံ့။ သီတင်းမရှိသော ဒုသိလလည်း များလတ္တံ့’ဟူ၍ လည်းကောင်း ဆိုခြင်းကြောင့် ဖြစ်၏။

တွင်းသင်းတိုက်ဝန်မဟာစည်သူသည် အသုံးအနှုန်း ကွဲလွဲသည်မှအပ ဦးကုလားနှင့် အဓိပ္ပာယ်တူ ရေးသားခဲ့၏။ (**ရာဇဝင်သစ်** စာမျက်နှာ ၄၈) **မှန်နန်း**ကလည်း အချက်တခုက လွဲ၍ **ရာဇဝင်ကြီး**နှင့် **ရာဇဝင်သစ်**တို့ကဲ့သို့ပင်ဆိုမိန့်ခဲ့သည်။ ကွဲလွဲချက်မှာ ငှက်ကြီး၊ ဝက်ကြီးတို့ကို ခွင်းသူ၏မျိုးရိုးနှင့် ဆိုင်သည်။ **မှန်နန်း**ရေးဆရာတို့မှာ မြန်မာမင်းတို့သည် တကောင်းမင်းဆက်မှ စဉ်ဆက်မပြတ် ဆင်းသက်ကြသည်ဟု ခံယူကြသူများဖြစ်ရာ၊ ဝက်ကြီး၊ ငှက်ကြီးတို့ကို နှိမ်နင်းသောသူမှာ နေနတ်သားနှင့် နဂါးမ,တို့သားဖြစ်သည်ဟူသော အဆိုကို လက်မခံနိုင်ချေ။ ထို့ကြောင့်....

> ထိုငှက်ကြီး။ ဝက်ကြီး။ ကျားကြီး။ ရှူးပျံတို့ကို ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံသောမင်းသည် ခွင်းလတ္တံ့ဟူ၍။ ဗျာဒိတ်ထားတော်မူခဲ့၏။

....ဟု **မှန်နန်း** (စာမျက်နှာ ၂၁၁)က ခွင်းသူ၏ မိဖအကြောင်းကို ချန်လှပ်၍ ရေးသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ နောင်တွင် **မှန်နန်း**က ကျယ်ကျယ်ပြန့်ပြန့် ဆိုမိန့်သည်ကို တွေ့ကြရပေဦးမည်။

‘ဗျာဒိတ်တော်’တွင်ပါရှိသည့်အချက်အလက်တို့မှာ သတိပြုဖွယ်ဖြစ်၏။ ထိုပြည်၌ အလှူသီတင်းသုံးများမည် ဟူသောအဆိုကို ထိုပြည်သူတို့ ဘုရား ပုထိုး ဂူ ကျောင်း မြောက်မြားစွာ ပုဂံတွင် တည်ထား လှူဒါန်းခဲ့ခြင်းက သက်သေခံနေပါသည်။ နောက်တချက်မှာ ထိုပြည်သူတို့သည် လယ်ယာမလုပ် ဟူသော အချက်ဖြစ်၏။ ၎င်းတို့ကို ရေမြေ ရာသီဥတု အခြေအနေက လယ်ယာလုပ်ခွင့် မပေးချေ။ ကုန်သွယ်ခြင်းနှင့် အသက်မွေးသည် ဟူသော အဆိုကို ပုဂံမြို့၏ တည်နေရာက ထောက်ခံသည်။ ပုဂံမြို့သည်.... ရေကြောင်း လမ်းမ,ကြီး ဖြစ်သည့် ဧရာဝတီမြစ်ကမ်း၌ တည်ရှိသဖြင့် တောင်မြောက် ရေကြောင်း ကုန်သွယ်ရေးကို လည်းကောင်း.... အရှေ့အနောက် ကုန်းလမ်း ကုန်သွယ်မှုကို လည်းကောင်း ချုပ်ကိုင်နိုင်သည်။ မျက်မှောက်ခေတ် သမိုင်းသုတေသီအချို့ကလည်း ပုဂံနိုင်ငံတော်၏ စီးပွားရေးမှာ လယ်ယာ စီးပွားရေး မဖြစ်တန်ရာ၊ ကုန်သွယ်စီးပွားရေးသာ ဖြစ်ရမည်ဟု ယူဆကြ၏။ ကုန်သွယ်ခြင်း အမှုကိစ္စကို ဦးကုလားက **အ**ရောင်းအဝယ် **ကုန်စယ်**ဟု သုံးနှုန်း၍ **ရာဇဝင်သစ်** နှင့် **မှန်နန်း** တို့က အရောင်းအဝယ် **ကုန်စလယ်**ဟု ရေးသားကြသည်။

ဗျာဒိတ်တော်ကို ဆိုမိန့်ပြီးနောက် ဦးကုလားက ဆက်လက်၍....

> ထိုသို့ဗျာဒိတ်ထားတော်မူသည့်နှင့်အညီ။ ထိုပြည်ကို သမုဒ္ဒရာဇ် မင်းပြုတော် မူသောအခါ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံ မင်းပြုလေ၏။ ။ အချို့သော ရာဇဝင်မှာ။ ဗူးပင်များလည်း မင်းပြုသည် ဟူ၏။

....ဟု ဖော်ပြသည်။ (စာမျက်နှာ ၁၄၃) **ရာဇဝင်သစ်**၌လည်း အဓိပ္ပာယ်တူ ပါရှိ၏။ (စာမျက်နှာ ၄၈) **မှန်နန်း**ကမူ....

> ထိုသို့ဗျာဒိတ်ထားတော်မူသည်နှင့်အညီ။ ရန်သူဖြစ်သောငှက်ကြီး။ ဝက်ကြီး။ ကျားကြီး။ ရှူးပျံတို့ကို ပြူစောထီးမင်း ခွင်းတော်မူ၏။

....ဟု ရန်သူ ၄-ပါးကို ပျူစောထီးခွင်းကြောင်း ဆိုသည်။

အထက်တွင် ထုတ်နုတ် ဖော်ပြခဲ့သည့် ဦးကုလား အရေးအသားမှ **မင်းပြု**ကို သုံးနှုန်းပုံများမှာ စိတ်ဝင်စားဘွယ်ဖြစ်သည်။ သမုဒ္ဒရာဇ် မင်းလက်ထက်ကို ‘သမုဒ္ဒရာဇ် **မင်းပြု**တော်မူသောအခါ’ဟု ရေးသားသည့်ပြင် ငှက်ကြီး၊ ဝက်ကြီး၊ ဘူးပင်တို့ မင်းမူသည် (ဝါ) နှောင့်ရှက်ဖျက်ဆီးသည်ကိုလည်း ‘မင်းပြုလေ၏’ ‘မင်းပြုသည်’ဟု သုံးနှုန်းသေးသည်။

**ဒေါက်တာရီရီ**

☆